# အားလုံးအသင့်ပြင်

ငွေကြေးပြဿနာပေါ်ပြီး ဘဏ်တွေပြိုတာကနေ ကူးသန်းရောင်းဝယ်ရေးတွေ အီထိုင်းလာကာ ထုတ်လုပ်ရေးတွေ ကျဆင်းလာတယ်။ စီးပွားရေး ကျဆင်းလာတယ်လို့ပြောနေကြပါတယ်။ စီးပွားရေး အကြပ်အတည်းတခုဖြစ်ပေါ်လာပြီး စီးပွားရေးကပ်ဆိုက်နိုင်တဲ့အခြေအနေလို့ဆိုနေကြပါတယ်။ ဒီလိုဖြစ်လာရင် လူမှုရေး၊ နိုင်ငံရေးစတဲ့ လူ့ကိစ္စ နယ်ပယ်အသီးသီးမှာလည်း မတည်မငြိမ်ဖြစ်တတ်ပါတယ်။ နယ်ပယ်အား လုံးက ကျဆင်းမှု၊ ကမောက္ကမ ဖြစ်မှုတွေဟာ ဆုံချက်တခုကို ရောက်ရင်ပေါက်ကွဲတတ်ပါတယ်။ ဝုန်းဒိုင်းကျဲပြီး ပြောင်းလဲဖြစ်ပေါ်တတ်ပါတယ်။ အခုဖြစ်ပေါ်နေတဲ့ စီးပွားရေး အကျပ်အတည်းဟာ အရင်းရှင် နယ်ချဲ့နိုင်ငံတွေရဲ့ ထိပ်သီး နိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံက စဖြစ်တာပါ။ ၂၁ ရာ စုရဲ့ ပဌမ ဆယ်စုနှစ်အကုန်ပိုင်းမှာဖြစ်တာပါ။ ၂၁ ရာစု အရင်းရှင်စနစ် အကြပ်အတည်း အစကာလလို့ ပြောရင်ရပါတယ်။ ၂၀ ရာစုနှစ် အလယ်ပိုင်းက စပြီး အမေရိကန်နိုင်ငံဟာ အရင်းရှင် နယ်ချဲ့စနစ်ရဲ့ ရှေ့ဆောင်ကြီး ဖြစ်လာပါတယ်။ ၂၀ ရာစုအစပိုင်းမှာ ရုရှ အောက်တိုဘာ တော်လှန်ရေး အောင်မြင်ပြီးတဲ့နောက် ကမ္ဘာမှာ အရင်းရှင်စနစ်အပြင် ဆိုရှယ် လစ်စနစ်ဟာ တည်ရှိလာပါတယ်။ ဒါပေမဲ့ လူ့လောက ကြီးတခုလုံးကို အဆုံးအဖြတ်ပေးနေတာ အရင်းရှင်စနစ် ဖြစ်နေဆဲပဲ ဖြစ်တယ်။ ဆိုရှယ်လစ်စနစ် ဟာ အဆုံးအဖြတ်ပေးတဲ့ အခန်းကို မရောက်သေးပါ။ အမေရိကန်နယ်ချဲ့နိုင်ငံဟာ အရင်းရှင်စနစ်ရဲ့ ရှေ့ ဆောင်နိုင်ငံဖြစ်တော့ အမေရိကန် နိုင်ငံမှာ တခုခုဖြစ်ရင် တကမ္ဘာလုံးကို ဂယက်ရိုက်ခတ်ပါတယ်။ သိပ္ပံနည်းပညာတွေ ပေါက်ကွဲထွက်လာပြီး ဂလိုဘယ် လိုက်ဖေးရှင်းဖြစ်လာတော့လဲ အရင်းရှင်စနစ်ရဲ့ ဂလိုဘယ် လိုက်ဖေးရှင်းပဲ ဖြစ်လာတယ်။ တနည်းပြောရရင် အမေရိကန် ဗိုလ်ကျစိုးမိုးရေးရဲ့ ဂလိုဘယ် လိုက်ဖေးရှင်းပဲ ဖြစ်လာပါတယ်။ ဒါကြောင့် အရင်းရှင်စနစ် လွှမ်းမိုးနေတဲ့ ကမ္ဘာကြီးမှာ အရင်းရှင်နိုင်ငံတွေမှာ ချမ်းသာတဲ့ နိုင်ငံတွေနဲ့ ဆင်းရဲတဲ့ နိုင်ငံတွေ ဆိုပြီး ကွဲသွားပါတယ်။ ဆင်းရဲ ချမ်းသာ ကွာဟမှု ကြီးတယ်လို့ပြောကြပါတယ်။ ဆိုရှယ်လစ်နိုင်ငံတွေဟာ ဆင်းရဲ မွဲတေတဲ့ နိုင်ငံကနေ ဆိုရှယ်လစ် နိုင်ငံကို ထူထောင်ရတာကြောင့် စီးပွားရေး အဆင့် ဘယ်လောက်မှ မတက်လာသေးပါဘူး။ အဲ့ဒီအပြင် ပီပြင်တဲ့ ဆိုရှယ်လစ် စီးပွားရေးကို မထူထောင်နိုင်သေးဘဲ အရင်းရှင် အစိပ်အပိုင်းတွေကို ခွင့်ပြုထားရ သေးတဲ့ကာလဖြစ်တော့ ကမ္ဘာ့စီးပွားရေးပျက်မှုဒဏ်ကို သူတို့လည်း အနည်းနဲ့အများတော့ ခံစားရပါလိမ့်မယ်။ အခုဖြစ်နေတဲ့ အရင်းရှင်စီးပွားရေးကျ ဆင်းမှု အကြပ်အတည်းဟာ အရင်းရှင် ဂလိုဘယ် လိုက်ဖေးရှင်း ကာလကြီးမှာဖြစ်တာကြောင့် သမိုင်းမှာပေါ်ခဲ့တဲ့ အရင်းရှင်စနစ် အကြပ်အတည်းတွေနဲ့ မတူဘဲ ပိုအန္တရာယ်ကြီးပါတယ်။ စစ်အေးလွန်ကာလ ကုန်ဆုံးချိန် ကမ္ဘာ့စည်း စနစ်ဟောင်းကလည်း တည်ငြိမ်မှုကိုမပေးနိုင်၊ စည်းစနစ်သစ်ကလည်း မ ပေါ်ပေါက်သေးတဲ့ ကာလဖြစ်တာကြောင့်ရယ်၊ တကမ္ဘာလုံးပျက်သုဉ်းနိုင်တဲ့ လက်နက်တွေကိုလည်း ပိုင်ဆိုင်ထားတဲ့နိုင်ငံတွေကလည်း ရှိနေပြန်တယ်ဆို တော့ အန္တရာယ်က မတွေးဝံ့စရာပါပဲ။

၁၉၃၀ ကဖြစ်ပေါ်တဲ့ အရင်းရှင်စနစ် စီးပွားရေးကပ်နဲ့ မတူဘူးလို့ ပြောနေကြပါတယ်။ ၁၉၃၀ ခုနှစ်တွေတုန်းက ကမ္ဘာ့အရင်းရှင်စနစ်ကို ဦး ဆောင် ဦးရွက်ပြုနေတဲ့ နိုင်ငံတွေက အနောက်ဥရောပ နယ်ချဲ့နိုင်ငံတွေပါ။ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ စတဲ့နိုင်ငံတွေဖြစ်ပါတယ်။ အမေရိကန် နိုင်ငံဟာ သူ့ဖာသာသူ သီးခြားအားမွေးနေတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဂလိုဘယ်လိုက်ဖေးရှင်းလည်းမဟုတ်သေးပါ။ ဒါပေမဲ့ လက်ဝါးကြီးအုပ်အရင်းရှင်စနစ်က နယ်ချဲ့စနစ် အဖြစ်နဲ့ ကမ္ဘာပတ်နေပါပြီ။ ဒါကြောင့် ဥရောပနယ်ချဲ့နိုင်ငံတွေမှာ စီးပွားရေး အကြပ်အတည်း ပေါ်လာတော့ အမေရိကန်တို့ ဂျပန်တို့မှာ လည်း အနေးနဲ့အမြန်တော့ ဂယက်ရိုက်ပါတယ်။ အဲ့ဒီတုန်းက အရင်းရှင်စနစ်အောက်မှာ အရင်းရှင် စနစ်အကြပ်အတည်းကို အရင်းရှင်နည်းနဲ့ ကြိုးစားဖြေ ရှင်း ကြပါတယ်။ ကြိုးစားကုစား ကြပါတယ်။ နောက်ဆုံးတခြား နည်းလမ်းတွေနဲ့ ဘယ်လိုမှ ဖြေရှင်းလို့ မရတဲ့ အဆုံးမှာ စစ်ပွဲဆိုတာနဲ့ ဖြေရှင်းလိုက် ကြပါ တယ်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတာပါပဲ။ အဲ့ဒီတုန်းက ဆိုရှယ်လစ်နိုင်ငံဟာ ဆိုဗီယက်တနိုင်ငံထဲပဲ ရှိပါတယ်။ ဒါပေမဲ့ ဆိုဗီယက်နိုင်ငံဟာ လီနင်ရဲ့ စီး ပွားရေး ပေါ်လစီသစ်အရ နိုင်ငံကို စီးပွားရေးအရ အောင်မြင်စွာထူထောင်နိုင်ပြီး တည်ငြိမ် တိုးတက်လာပါတယ်။ ၁၉၃၀ ခုနှစ်ကို ရောက်တဲ့အခါမှာတော့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အပီအပြင် ထူထောင်နိုင်တာကြောင့် အရင်းရှင်ကမ္ဘာမှာ စီးပွားရေးကပ်ဆိုက်ပေမဲ့ ဆိုဗီယက်မှာ စီးပွားရေးတည်ငြိမ်ပြီး မှန် မှန်ပဲ တိုးတက်ဖွံ့ဖြိုး နေပါတယ်။ အဲ့ဒီတုန်းက အရင်းရှင်စနစ်အကျပ်အတည်းနဲ့ ဆိုရှယ်လစ်စနစ်ရဲ့အားသာချက်ကို ဒီလိုပြတ်ပြတ်သားသား ရှင်းရှင်း လင်း လင်း မြင်နိုင်ပါတယ်။ ဒီကနေ့ ၂၁ ရာစုအစပိုင်း အရင်းရှင်နယ်ချဲ့စနစ်ရဲ့ ဂလိုဘယ် လိုက်ဖေးရှင်း အခြေအနေမှာ ပေါ်ပေါက်တဲ့ စီးပွားရေး အကြပ်အ တည်း ကာလမှာ ဆိုရှယ်လစ်နိုင်ငံတွေ ၁၉၃၀ ခုနှစ်ကထက်များပေမဲ့ ဆိုရှယ်လစ် စနစ်ရဲ့အားသာချက်ကို ဘယ်လောက်မှထုတ်ဖေါ်နိုင်ဦးမယ်မဟုတ်ပါ။

၁၉၃၀ ခုနှစ်မှာပေါ်ပေါက်တဲ့ အရင်းရှင်စီးပွားရေးအကြပ်အတည်းဟာ နောက်ဆုံးမှာ ဒုတိယကမ္ဘာစစ် (၁၉၃၈-၁၉၄၅) နဲ့ ဖြေရှင်းလိုက်ကြတဲ့ အခါမှာ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အသွင်အပြင်ဟာ အကြီးအကျယ် ပြောင်းလဲသွားပါတယ်။ အရင်းရှင်စနစ်ကြီးကို အနောက်ဥရောပနယ်ချဲ့နိုင် ငံတွေက ခေါင်းဆောင်မှုပေးနေရာက အမေရိကန်အရင်းရှင်နယ်ချဲ့က ဦးဆောင်မှုနေရာကို ရရှိလာပြီး ခေတ်သစ်ကိုလိုနီစနစ်ကို ထူထောင်လိုက်နိုင်ပါ တယ်။ အရှေ့ဥရောပတခုလုံးနဲ့ အာရှကုန်းမကြီး မြောက်ခြမ်းနဲ့ အလယ်ပိုင်းတခုလုံး ဆိုရှယ်လစ်နိုင်ငံတွေ ဖြစ်ကုန်တယ်။ ကရစ်ဘီယံပင်လယ်ထဲက ကျူးဗားနိုင်ငံလည်း ဆိုရှယ်လစ်နိုင်ငံဖြစ်လာတယ်။ ဒါပေမဲ့ ကမ္ဘာကြီးကို အရင်းရှင်စနစ်ကပဲ အဆုံးအဖြတ်ပေးမြဲဖြစ်ပြီး ဆိုရှယ်လစ်စနစ်က အဆုံးအဖြတ် အခန်းကို ရောက်ဖို့လုံးပမ်းဆဲကာလပဲ ဖြစ်ပါတယ်။ နိုင်ငံရေးစကားနဲ့ပြောရင်တော့ အရင်းရှင်နယ်ချဲ့စနစ်နဲ့ ဆိုရှယ်လစ် တော်လှန်ရေး ခေတ်ကြီးထဲမှာပဲ ဖြစ်ပါတယ်။ ဒီခေတ်ကာလရဲ့ထူးခြားချက်က အရင်းရှင်နယ်ချဲ့စနစ်ကို ခေါင်းဆောင်တာ အမေရိကန်နယ်ချဲ့သမားဖြစ်ပြီး ဆိုရှယ်လစ်နိုင်ငံ အများအပြား ပေါ်ထွက်လာသလို ကိုလိုနီကျွန်ဘဝက ရုန်းထွက်လာနိုင်တဲ့ လွတ်လပ်တဲ့အမျိုးသားနိုင်ငံတွေ အများအပြားပေါ်ထွက်လာတာပဲ ဖြစ်ပါတယ်။ ဆိုရှယ်လစ် တော်လှန်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွေ ဆက်စပ်ပေါင်းကူးသွားကြတာပါပဲ။ ဗမာပြည်ဟာ အဲ့ဒီ ကမ္ဘာ့အခြေအနေနဲ့အညီ မိမိ ထူးခြား ချက်ကို ဆုပ်ကိုင်ပြီး ဒုတိယ ကမ္ဘာစစ်ကိုဖြတ်သန်းလိုက်နိုင်တာကြောင့် ဒုတိယကမ္ဘာစစ်အပြီးမှာ လွတ်လပ်တဲ့နိုင်ငံတခုဖြစ်လာတယ်။ မိမိ အမျိုးသား ဂုဏ်သိက္ခာကို မြှင့်တင်လိုက်နိုင်တယ်။ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်လာနိုင်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် အမေရိကန်ခေါင်းဆောင်တဲ့ အရင်းရှင်ကမ္ဘာမှာလည်း အရင်းရှင်စနစ်အရ ပြန်လည်ထူထောင်ရေးတွေ လုပ် ပါတယ်။ အဲ့ဒီလိုလုပ်တဲ့အခါမှာ ဘဏ္ဍာအရင်းအနှီးလက်ဝါးကြီးအုပ်မှုကို ပြန်လည်ခွဲဝေ နေရာယူရတာဖြစ်ပါတယ်။တကယ်တော့ အရာရာကို အမေရိကန်

နယ်ချဲ့သမားက လက်ဝါးကြီးအုပ်စီးမိသွားပြီး ကျန်တဲ့အရင်းရှင်နိုင်ငံတွေဟာ အမေရိကန်ရဲ့ထီးရိပ်အောက်က နေထိုင်လုပ်ကိုင်ရတာဖြစ်သွားပါတယ်။ ဆိုရှယ်လစ် နိုင်ငံတွေဟာလည်း ဆိုဗီယက်အမှူးပြုတဲ့ အုပ်စုတခုအဖြစ်နဲ့ရပ်တည်လှုပ်ရှားလာပါတယ်။ အဲ့ဒီလိုအမေရိကန်နယ်ချဲ့ ခေါင်းဆောင်တဲ့ အရင်းရှင်ကမ္ဘာနဲ့ ဆိုဗီယက်အမှူးပြုတဲ့ကမ္ဘာဆိုပြီး ပေါ်လာပါတယ်။ အဲ့ဒီအုပ်စုနှစ်ခုရဲ့ ပဋိပက္ခဟာ ကမ္ဘာမှာ စစ်အေးဆိုတဲ့ ကာလကြီးကို ဖြစ်ပေါ်စေခဲ့ ပါတယ်။ လွတ်လပ်ခါစ နိုင်ငံတွေကလည်း ဘက်မလိုက်ကြားနေရေး အုပ်စုကို ထူထောင်လိုက်ကြပြီး စနစ်ချင်းမတူတဲ့နိုင်ငံတွေအချင်းချင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမူ ၅ ချက်ကို အဆိုပြုချမှတ်ကြပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း နောင်မှာ ဒီမူ ၅ ချက်ကို ကျင့်သုံးလာပါတယ်။ ဒါပေမဲ့ အမေရိကန် ခေါင်းဆောင်တဲ့ အရင်းရှင်နယ်ချဲ့အုပ်စုက ခေတ်သစ် ကိုလိုနီစနစ်ကို ကျင့်သုံးတာကြောင့် ကမ္ဘာစစ်ကြီး ထ မဖြစ်ပေမဲ့ ဒေသစစ်ပွဲတွေ၊ အာဏာသိမ်းပွဲတွေ၊ နိုင်ငံရေးလုပ်ကြံမှုတွေ ကမ္ဘာ့နေရာအနှံ့မှာဖြစ်လာပါတယ်။

၁၉၆၀ ခုနှစ်တွေရောက်တဲ့အခါမှာ ဆိုရှယ်လစ်အုပ်စုထဲမှာ သဘောထားကွဲလွဲမှုတွေ ပေါ်ပေါက်လာပါတယ်။ အရင်းခံကတော့ မာ့က်စ်ဝါဒမူတွေကို ဆုပ်ကိုင်ရေးနဲ့ မာ့က်စ်ဝါဒမူတွေကို စွန့်လွှတ်ရေးဖြစ်တယ်။ မာ့က်စ်ဝါဒမူတွေ စွန့်လွှတ်တာကို ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒလို့ခေါ်ပါတယ်။ ခရုရှော့အမှူးပြုတဲ့ ဆိုဗီယက်ကွန်မြူနစ်ပါတီမှာ ပေါ်ပေါက်တာဖြစ်ပါတယ်။ အဲ့ဒီဝါဒအရ ဆိုရှယ်လစ်စနစ်ကိုစွန့်လွှတ်ပြီး အရင်းရှင်ဝါဒကို ပြန်လည် ကျင့်သုံးတာ ဖြစ်တယ်။ ဒါကြောင့် ဆိုရှယ်လစ်အုပ်စုမှာ ဆိုဗီယက်လိုင်းနဲ့ တရုတ်လိုင်းဆိုပြီး ကွဲသွားပါတယ်။ အဲ့ဒီကနေ ၁၉၇၀ ခုနှစ် အစပိုင်းကိုရောက်တော့ ဆိုရှယ်လစ်ဂိုဏ်းဆိုတာ မရှိတော့ပါ။ အမေရိကန်ခေါင်းဆောင်တဲ့ နယ်ချဲ့အုပ်စုနဲ့ ဆိုဗီယက် ခေါင်းဆောင်တဲ့ ပြန်လည် ပြင်ဆင်ရေးအုပ်စုတို့ ထိပ်တိုက်တိုးတဲ့ စစ်အေးကာလဖြစ်သွားပါတော့တယ်။ ကမ္ဘာမှာ အမေရိကန်ခေါင်းဆောင်တဲ့ အရင်းရှင်အုပ်စုကဝင်စွက်တ ဒေသမတည်မငြိမ်မှုတွေနဲ့ ဒေသစစ်ပွဲတွေ ဖြစ်သလို ဆိုဗီယက် ပြန်လည် ပြင်ဆင်ရေးအုပ်စုက ဝင်စွက်တဲ့ ဒေသမတည်မငြိမ်မှုနဲ့ ဒေသစစ်ပွဲတွေ ဖြစ်လေ့ရှိလာပါတယ်။

၁၉၉၀ ခုနှစ် အကုန်ပိုင်းရောက်တဲ့အခါမှာ ဆိုဗီယက်ပြည်ထောင်စုနဲ့ ဆိုဗီယက်အုပ်စုပြိုကွဲသွားပါတယ်။ စစ်အေးကာလ ပြီးဆုံးသွားတယ်လို့ ပြောပါတယ်။ အမေရိကန်နယ်ချဲ့သမားဟာ အရင်းရှင်နယ်ချဲ့နိုင်ငံဟောင်းတွေအပေါ် ဩဇာညောင်းသလို ဆိုဗီယက် ပြန်လည် ပြင်ဆင်ရေးအုပ်စုဝင်အားလုံးအပေါ်လည်း ဩဇာလွှမ်းလာနိုင်ခဲ့ပါတော့တယ်။ အမေရိကန်နဲ့ ဆိုဗီယက်ထိပ်တိုက်ဖြစ်မှုဟာ မရှိတော့ပါ။ ဥရောပ၊ အာရှ မြေပုံမှာ အပြောင်းအလဲတွေ အကြီးအကျယ် ဖြစ်ကုန်ပါတယ်။ အဲ့ဒီကာလမှာတက်လာတဲ့ အမေရိကန်သမ္မတတိုင်းဟာ အမေရိကန်ရာစုနှစ်၊ အမေရိကန် ခေါင်းဆောင်မှု ဆိုတာကို ပြောဆိုတဲ့ အခြေအနေဖြစ်လာပါတယ်။

စစ်အေးလွန်ကာလတလျှောက်မှာ အမေရိကန်နယ်ချဲ့သမားထင်တိုင်းကြဲတဲ့ကာလလို့ ပြောလို့ရပါတယ်။ သိပ္ပံနည်းပညာ ပေါက်ကွဲမှုတွေ ဖြစ်လာပြီး အမေရိကန်အရင်းရှင်စနစ်ရဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကာလ ဖြစ်လာလို့ပါပဲ။ ဒီကာလအတွင်း ကမ္ဘာ့ဘယ်ထောင့်ကြားက ဘယ်ပြဿနာမဆို အမေရိကန်မပါတာမရှိပါ။ ဒေသစစ်ပွဲဆိုလည်း အမေရိကန်ပါတာပဲ။ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအကြောင်းပြပြီး ဘယ်ပြည်တွင်းရေးမဆို ဘယ်ဒေသကိုမဆို တနည်း မဟုတ်တနည်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်နည်းနဲ့ အမေရိကန်ပါဝင်ပတ်သက်ရတာချည်းပဲဖြစ်တယ်။

ငွေရေး ကြေးရေး ဘဏ္ဍာရေး ကူးသန်းရောင်းဝယ်ရေး၊ ကုန်သွယ်ရေး၊ ထုတ်လုပ်ရေး၊ စိုက်ပျိုးမွေးမြူရေး စတဲ့ နယ်ပယ်အားလုံးကို အမေရိကန် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးတွေကပဲ လက်ဝါးကြီးအုပ်ထားနိုင်တာဖြစ်ပါတယ်။ အမေရိကန်ဟာ စီးပွားရေးအင်အားအကြီးဆုံးပါ။ စစ်ရေးမှာလည်း အင်အားအကြီးဆုံးပါ။ ဒါကြောင့်အမေရိကန်မှာ ပေါ်ပေါက်တဲ့ စီးပွားရေးအကြပ်အတည်းဟာ ဘယ်ခေတ်ကာလတွေနဲ့မှမတူတဲ့ အန္တရာယ်ကြီးကို ကမ္ဘာသူ ကမ္ဘာသား တွေဆီ သယ်ဆောင်လာပါလိမ့်မယ်။

အရင်းရှင်နယ်ချဲ့စနစ်ဟာ ဘယ်လောက်ပဲအသွင်တွေပြောင်းပြောင်း ဘယ်လောက်ပဲ ဖွံ့ဖြိုးတိုးတက်ပါတယ် ဆိုဆို သူ့ရဲ့ကျဆုံးရမယ့် အရင်းခံအကြောင်းအချက်တွေဟာ သူ့ရဲ့သန္ဓေပါအကြောင်းအချက်တွေ ဖြစ်နေပါတယ်။ ဒါကို ဘယ်လိုမှ ရှောင်လွှဲလို့မရပါ။ ရာစုနှစ် ၂ ခု ကျော်လောက် ရှင်သန် တည်တန့်လာတဲ့ အရင်းရှင်စနစ်ဟာ အခုအချိန်မှာ မီးစာကုန် ဆီခန်း ဘဝကိုရောက်လာနေပြီ ဖြစ်တယ်။ ဒါကို လီနင်က အစောကြီးကတည်းက တွေ့မြင်ခဲ့တယ်။ ဒါကြောင့် လီနင်က နယ်ချဲ့စနစ်ဟာ သေပန်းပွင့်နေတဲ့ အရင်းရှင်စနစ်လို့ပြောခဲ့တာပဲ။ ဆိုရှယ်လစ်ဂိုဏ်းပြိုကွဲသွားတာတို့ သိပ္ပံနည်းပညာ ပေါက်ကွဲလာတာတို့ဆိုတဲ့ အကြောင်းအချက်တွေဟာ အမေရိကန်နယ်ချဲ့စနစ်ရဲ့ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်ပေါ်စေလိုက်တာအမှန်ပဲ။ အဲ့ဒါကြောင့်လည်း တချို့က အရင်းရှင်စနစ်သာတည်ရှိလိမ့်မယ်၊ အရင်းရှင်စနစ်အတွင်းမှာပဲ အပြောင်းအလဲတွေဖြစ်ပြီး အရင်းရှင်စနစ်ပဲ ဆက်လက်ရှင်သန်တည်ရှိလိမ့်မယ်လို့ မြင်ကြတာပဲ။ ဆိုရှယ်လစ်စနစ်ဆိုတာ လက်တွေ့မဖြစ်နိုင်တဲ့စနစ်လို့တောင် တချို့ကပြောနေကြပါတယ်။ တကယ်ကအရင်းရှင်စနစ်ဟာ သွေးစုတ်မှု ကပ်ပါးစနစ်ကို အခြေခံရတယ်။ အစွန်းထွက်တန်ဘိုးနဲ့ လှီးယူရတဲ့စနစ်ဖြစ်တယ်။ ဘဏ္ဍာ အရင်းအနှီးကို လက်ဝါးကြီး အုပ်ရတဲ့စနစ်ဖြစ်တယ်။ ဘဏ္ဍာ အရင်းအနှီးကို အကြွေးစနစ်နဲ့လည်ပတ်ရတာဖြစ်တယ်။ စတော့ရှယ်ယာ ငွေချေး စာချုပ်၊ ချေးငွေဆိုတာတွေဟာ အကြွေးစနစ်တွေပဲ။ ငွေကြေးဈေးကွက်ဆိုတာကတော့ လောင်းကစားဝိုင်းကြီးပါ။ ဈေးကွက်လွှတ်ထားတယ်ဆိုပြီး ဈေးကွက်စီးပွားရေးလို့ပြောကာ ထုတ်လုပ်ရေးကို စည်းမဲ့ကမ်းမဲ့ ထုတ်လုပ်တယ်။ အရင်းရှင်စနစ်ဟာ အဲ့ဒါတွေကို မလွဲမသွေလုပ်ရတာဖြစ်ပါတယ်။ အဲ့ဒါတွေမလုပ်ရင် အရင်းရှင်စနစ်မဟုတ်တော့ပါ။ အဲ့ဒါတွေလုပ်ရတာကြောင့်လည်း အရင်းရှင်စနစ်မှာမလွဲမသွေအကြပ်အတည်းပေါ်ရပါတယ်။ အခုအမေရိကန် ဘဏ် တွေပြိုတာ အကြွေးစနစ်နဲ့လည်ပတ်ထားတာကြောင့်ပဲ။ ဘဏ်တွေမှာ ငွေမရှိဘူး။ အခွံပဲဖြစ်တယ်။ အဲ့ဒီတော့ တန္တယ် ငင်တစင်ပါဆိုသလိုဆက်စပ်တဲ့ အရင်းရှင်စီးပွားရေးအစိပ်အပိုင်းအားလုံးထိခိုက်တော့တာပဲ၊ လောလောဆယ် အလုပ် လက်မဲ့ဦးရေတိုးပွားလာတယ်။ အငတ်ဘေးနီးကပ်လာတဲ့ဒေသတွေများလာတယ်။ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး နယ်ပယ် အားလုံးမှာ မတည်မငြိမ်မှုတွေတိုးပွားလာတယ်။ ဒါတွေအားလုံးမှာမတည်ငြိမ်မှုတွေ တိုးပွားလာတယ်။ ဒါတွေအားလုံးဟာ အရင်းရင်စနစ်ထဲက အရင်းရှင်စနစ်ကို သေတွင်းပို့မဲ့ အရင်းရှင်စနစ်ရဲ့ သန္ဓေပါအကြောင်းအချက်တွေပဲ။

အရင်းရှင်စနစ်မှာ အကြပ်အတည်းတွေ့လာရင် ထွက်ပေါက်အဖြစ်နှစ်နည်းနဲ့ပဲ ဖြေရှင်းတာတွေ့ရပါတယ်။ တနည်းက ဝယ်လိုအားမြှင့်တင်တဲ့နည်းနဲ့ ဖြေရှင်းပါတယ်။ အဲ့ဒီနည်းဟာ စားသုံးသူတွေကို သုံးစွဲစရာငွေကြေးရှိလာအောင် အလုပ်အကိုင် ဖန်တီးပေးတာလုပ်တယ်။ အဲဒီနည်းနဲ့ ဝယ်လိုအားတက်လာတာနဲ့အမျှ အရင်းအနှီးလည်ပတ်မှု တွေပုံမှန်ဖြစ်လာပြီး သွေးစုပ်မှုကိုလည်း မှန်တန်းဖြစ်အောင် ထိန်းလိုက်ခြင်းဖြင့် လက်ဝါးကြီးအုပ်မှု နယ်ပယ်နဲ့ အတိုင်းအတာကို ထပ်မံတိုးချဲ့ ကြီးထွားစေလိုက်ကာ ဈေးကွက်ကိုလည်း တိုးချဲ့စေလိုက်တဲ့နည်းပဲဖြစ်ပါတယ်။ ဒါဟာ လည်ပတ်နေတဲ့ အရင်းရှင်စနစ်ယန္တယားကြီး တနေရာမှာပိတ်ဆို့သွားတဲ့အခါ အဲ့ဒီပိတ်ဆို့နေတာကို ဖယ်ရှားလိုက်ခြင်း အားဖြင့် ယန္တယားကို ပုံမှန်ပြန်လည်ပတ်အောင်လုပ်တဲ့

သဘောဖြစ်ပါတယ်။ ဒါကြောင့် တနေရာမဟုတ်တနေရာမှာ ပြန်ပိတ်ဆို့တတ်ပြီး မရင်းရှင်စနစ်ဟာလည်း တချိန်မဟုတ်တချိန်မှာ ပြန်ပြီးအကြပ်အတည်းနဲ့ ရင်ဆိုင်ရပါတယ်။

အဲဒီလို ဝယ်အားမြှင့်တင်တဲ့နည်းနဲ့ ဖြေရှင်းလို့မရရင် စစ်ထတိုက်တဲ့နည်းကိုသုံးတာပဲ။ စစ်တိုက်တဲ့နည်းနဲ့ ဖြေရှင်းတာကတော့ စစ်ရှုံးသွားသူတွေ ဆီမှာရှိတဲ့ အရင်းရှင်ယန္တယားအဟောင်းနေရာမှာ အရင်းရှင်ယန္တယားအသစ်နဲ့ အစားထိုးပစ်တာလုပ်တာပဲ။ ဒီနည်းနဲ့စစ်နိုင်သူတွေက သူတို့ရဲ့ လက်ဝါးကြီးအုပ်အရင်းအနှီးကို တိုးချဲ့နိုင်ပြီး၊ စစ်ရှုံးသူတွေက အကန့်အသတ်နဲ့ လက်ဝါးကြီးအုပ် အရင်းအနှီးကို ထိန်းသိမ်းခွင့် ရသွားစေတဲ့ နည်းတွေပဲ ဖြစ်တယ်။ ဒီနည်းနဲ့ အရင်းရှင်စနစ်ကို အသက်ဆက်ကြတယ်။

၁၉၃၀ ခုနှစ် အမေရိကန်စီးပွားရေးအကြပ်အတည်းကို ဖြေရှင်းပုံနဲ့ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်ရဲ့ မာရှယ်စီမံကိန်းကိုလေ့လာရင် ဒီကိစ္စတွေ အတော်ထင်သာမြင်သာဖြစ်ပါတယ်။ ၁၉၂၉-၃၀ မှာ အမေရိကန်မှာ စီးပွား ရေးကပ်ဆိုက်တော့ ဝယ်လိုအားမြှင့်တင်တဲ့နည်းနဲ့ အမေရိကန်ဟာ သူ့စီးပွားရေး အကြပ်အတည်းကို သူကျော်နင်းပါတယ်။ စစ်လက်နက်ပစ္စည်းစက်ရုံတွေထောင်ပြီး အလုပ်လက်မဲ့ပြဿနာတွေဖြေရှင်းတယ်။ ဥရောပကို စစ်လက်နက် ရောင်းချတဲ့ ဈေးကွက်အဖြစ် ဖန်တီးလိုက်တယ်။ ဒုတိယ ကမ္ဘာစစ်ဖြစ်လာတော့ အမေရိကန်ဟာ လက်နက်ရောင်းချသူ ငွေချေးစားသူ ဖြစ်လာတယ်။ ဂျပန်က အမေရိကန်ကိုဝင်တိုက်လို့ အမေရိကန်စစ်ထဲ ဝင်လာပေမဲ့ အမေရိကန်ဟာ စစ်တလင်း မဖြစ်တာကြောင့် ထုတ်လုပ်ရေးတွေ (လယ်ယာ၊ စက်မှုအားလုံး) ပုံမှန်ပဲလုပ်နိုင်တယ်။ ပို့ကုန်တွေ ပိုလျှံတာ ခေတ္တဖြစ်တယ်။ ဥရောပစစ်မြေပြင်မှာ အပြင်းအထန် တိုက်ခိုက်နေကြတုန်း ဝယ်လိုအား ကျသွားလို့ဖြစ်ပါတယ်။ ဒါပေမဲ့ ဒုတိယ ကမ္ဘာစစ်အပြီးမှာ မာရှယ်စီမံကိန်းအရ ဥရောပနိုင်ငံတွေကို အကူအညီ အထောက်အပံ့တွေပေးတဲ့နည်းနဲ့ ဝယ်လိုအားမြှင့်တင်လိုက်တဲ့အခါမှာ ပိုလျှံနေတဲ့ ပို့ကုန်ပြဿနာဟာ နေ့ချင်းညချင်းဖြေရှင်းပြီးရုံမက ထုတ်လုပ်ရေးတွေ အများကြီးတိုးချဲ့နိုင်လာတယ်။ ဒီနည်းနဲ့ အရင်းရှင်စနစ်နိုင်ငံတွေဖြစ်တဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီတို့လက်ပမ်းကျသွား ချိန်မှာ အမေရိကန်အရင်းရှင်စနစ်က လက်ခံမောင်း ထ ခတ်တော့တာပဲ။

တဘက်မှာ အရင်းရှင်စနစ်အကြပ်အတည်းတွေလေလေ အဖိနှိပ်ခံပြည်သူတွေ အဖိနှိပ်ခံအမျိုးသားတွေဟာ နိုးကြားမှုရှိပြီး စည်းလုံးမှုရှိကြရင် တော်လှန်ရေးတွေ ပေါက်ကွဲဖို့အလားအလာရှိလေပါပဲ။ ပထမကမ္ဘာစစ် (၁၉၁၄-၁၉၁၈) ဖြစ်တော့ ရုရှမှာဆိုရှယ်လစ်တော်လှန်ရေးအောင်မြင်သွားတယ်။ အဖိနှိပ်ခံ အမျိုးသားပြည်သူတွေ နိုးကြားလာ တယ်။ ဒုတိယကမ္ဘာစစ်ဖြစ်တော့ အရှေ့ဥရောပတခုလုံး အာရှအလယ်ပိုင်းနဲ့ အရှေ့ပိုင်းတခုလုံး ဆိုရှယ်လစ်နိုင်ငံတွေ ဖြစ်လာတယ်။ ကာရစ်ဘီယံပင်လယ်က ကျူးဗားနိုင်ငံလည်း ဆိုရှယ်လစ်နိုင်ငံဖြစ်လာတယ်။ ကိုလိုနီနိုင်ငံအများအပြား လွတ်လပ်ရေး ရလာတယ်။ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်တကမ္ဘာလုံးမှာ မြင့်မားလာတယ်။ ကွန်မြူနစ် လှုပ်ရှားအရှိန်အဟုန်မြင့်တက်လာခဲ့ပါတယ်။

စစ်ရေးကာလမှာ ဆိုရှယ်လစ်လှုပ်ရှားမှုအတွင်းမှာ ပြန်လည်ပြင်ဆင်ရေးဝါဒပေါ်ပေါက်လာပြီး ဆိုဗီယက်အမှူးပြုတဲ့ အုပ်စုတခုလုံး အဲ့ဒီ ပြန်လည် ပြင်ဆင်ရေးဝါဒ ဒါမှမဟုတ် အရင်းရှင်လမ်းကြောင်း ပြန်လိုက်ခဲ့တာကြောင့် ဆိုရှယ်လစ်လှုပ်ရှားမှုဟာ အကြီးအကျယ် အားနည်း ယုတ်လျော့ သွားခဲ့ရတယ်။ တော်လှန်ရေးတွေလည်း ကသောင်းကနင်းဖြစ် လာပီး တော်လှန်ရေးတွေ ပေါက်ကွဲ အောင်ပွဲခံတာ မရှိတော့ပါ။ စစ်အေးကာလ ကုန်ဆုံးတော့ ဆိုဗီယက်အုပ်စုလည်း ပြိုကွဲပြီး အမေရိကန်နယ်ချဲ့သမားလည်း ကမ္ဘာမှာ တဦးတည်းသော ဗိုလ်ဖြစ်လာတယ်။ ဒါကို အရင်းရှင်စံနစ်အောင်ပွဲခံပြီး ဆိုရှယ်လစ်စနစ် နောက်ဆုတ်ရတယ်လို့ ပြောကြတာဖြစ်ပါတယ်။

အခုအချိန်အခါမှာ ဆိုရှယ်လစ်အင်အားစုတွေဘက်က လုံလောက်တဲ့ ပြင်ဆင်မှုတွေ ရှိမယ်ဆိုရင် အမေရိကန် နယ်ချဲ့စနစ်ရဲ့ ဂလိုဘယ်လိုက်ဇေးရှင်း ကာလမှာ ပေါ်ပေါက်တဲ့ အကြပ်အတည်းဟာ တမ္ဘာလုံးတော်လှန်ရေးတွေ ပေါက်ကွဲဘို့ အလားအလာအရှိဆုံး အချိန်ပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ဆိုရှယ်လစ် အင်အားစုတွေ တော်လှန်တဲ့ ကမ္ဘာ့ပြည် သူတွေ ကိုလိုနီစနစ်ကို ဆန့်ကျင်တဲ့ မျိုးချစ်တွေဘက်က လုံးဝ ပြင်ဆင်မှု မရှိတော့ မဟုတ်ပါ။ သူ့နည်းနဲ့သူ၊ သူ့အတိုင်း အတာနဲ့သူ၊ သူ့ကဏ္ဍနဲ့သူတော့ လုံးပမ်းနေကြတာပါပဲ။ ကနေ့ အမေရိကန်ကစလိုက်တဲ့ အရင်းရှင်စံနစ် အကြပ်အတည်းကို ဘယ်လိုကိုင်တွယ်ဖြေရှင်းကြသလဲ အပေါ်မှာ မူတည်ပြီး လှုပ်ရှားမှုတွေကလည်း ပုံစံအသစ်တွေနဲ့ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ၂၁ ရာစုရဲ့ တော်လှန်ရေး ပုံစံသစ်တွေကို မြင်တွေ့ရဖို့အလားအလာရှိနေပါတယ်။ နီပေါ နိုင်ငံကတော့ ဈေးဦးပေါက်သွားပြီ။

ဗမာပြည်ဟာ စစ်ဗျူရိုကရက် အရင်းရှင်စနစ်နဲ့ အုပ်ချုပ်နေတဲ့ ဆင်းရဲမွဲတွေနေတဲ့ အရင်းရှင်စနစ်နိုင်ငံ တနိုင်ငံပါ။ အရင်းရှင်စီးပွားရေး အကြပ်အတည်း ဒဏ်ကို မလွဲမသွေခံရပါလိမ့်မယ်။ ချမ်းသာတဲ့နိုင်ငံတွေမှာ ဆုံးရှုံးစရာများပီး ဆင်းရဲတဲ့ နိုင်ငံတွေမှာ ဆုံးရှုံးစရာမရှိလို့ ကမ္ဘာ့စီးပွားပျက်လည်း ဆင်းရဲတဲ့နိုင်ငံတွေကတော့ မဆုံးရှုံးပါဘူးလို့ပြောချင် ရင်တော့ပြောလို့ရပါတယ်။ ကနေ့ ဗမာပြည်မှာ ဖြစ်နေတာက ဆင်းရဲတဲ့ ဗမာပြည်ဟာ ခရုဆံ ကျွတ်ကိန်း ဆိုက်နေပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက အမျိုးသားစည်းလုံးမှုပြိုကွဲပြီး ပြည်တွင်းစစ် တောက်လျှောက်ဖြစ်လာတဲ့ တိုင်းပြည်ဟာ ၂၁ ရာစု ကမ္ဘာ့အရင်းရှင်စနစ် စီးပွားရေးကပ်ကြီးကို ဘယ်လိုကျော်နင်းမလဲ။ တိုင်းပြည်မှာ ဘာမဏ္ဍိုင်မှမရှိ တော့ဘူး။ အကုန်လုံးဟာ ဖရိုဖရဲ ဖြစ်ချင်တိုင်းဖြစ်နေပြီ။ တကယ်တော့ ကျဆုံးနိုင်ငံဖြစ်နေပြီ။ တိုင်းပြည်တပြည် မှာရှိအပ်တဲ့ မဏ္ဍိုင်တွေ ဗမာပြည်မှာပြိုလဲကုန်ပြီ။ ဗမာပြည်ကို တကယ် ကယ်တင်နိုင်မှာက စစ်အာဏာရှင်စနစ်ကို ဖြုတ်ချပစ်ဖို့ပဲ ဖြစ်တယ်။ စစ်အုပ်စုကိုဖျက်သိမ်းပစ်ဖို့ပဲဖြစ်တယ်။

ကနေ့စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ ဒီမိုကရေစီရေးလှုပ်ရှားနေတာတွေဟာ အားရစရာကောင်းပါတယ်။ ဒီမိုကရေစီအင်အားစုတွေကို မကြုံဖူး၊ မကြားဖူးတဲ့ ထောင်ဒဏ်တွေချ ဖမ်းဆီးနှိပ်စက် ညှဉ်းပမ်းသတ်ဖြတ်နေတဲ့ကြားက ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားပဲ လှုပ်ရှားတိုက်ပွဲဝင်နေကြပါတယ်။ ဒါပေမဲ့ မအောင်မြင်သေးပါ။ နည်းနာသစ်တွေရှာ ကြံကြပြီးဆက်လက်တိုက်ပွဲဝင်ရပါဦးမယ်။

လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်မရှိတာကြောင့် လျို့ဝှက်ပြီးကျစ်လစ်တဲ့ အစုအဖွဲ့လေးတွေဖွဲ့ကြပြီး အချိန်ကောင်း အခါကောင်းကို စောင့်ရင်း အသင့်ပြင်ထားသင့်ကြပါတယ်။ အင်အားစုတိုင်းဟာ ကိုယ်ပိုင်နိုင်ရာ နယ်ပယ်တွေမှာ ကိုယ်သန်ရာတိုက်ပွဲသဏ္ဍာန်တွေအတွက် အသင့်ပြင်သင့်ပါတယ် နအဖ လက်နက်ကိုင်တပ် အသီးသီးမှာရှိတဲ့ တပ်မှူးတပ်သားတွေဟာလည်း နအဖ ထိပ်သီးတွေနဲ့လမ်းခွဲပြီး ပြည်သူလူထုဘက်ကိုရပ်ဖို့ အသင့်ပြင်ရင်း အချိန် စောင့်သင့်ပါတယ်။ နအဖ ထိပ်သီးတွေဟာလည်း ဗိုလ်သန်းရွှေရဲ့အတွင်းစည်းထဲနေရတာ ကမ်းနားသစ်ပင်ဘဝပဲ ဆိုတာ လက်တွေ့ပေါင်းများလှပါပြီ။ သူတို့လည်း ဒီဘဝအသိတော့ရှိသင့်ပြီ။

လူထုလူတန်းစား လူ့အလွှာ အသီးသီး အင်အားစု အသီးသီးဟာ မိမိ ပိုင်နိုင်ရာနယ်ပယ်မှာ မိမိ သန်ရာတိုက်ပွဲ သဏ္ဍာန်တွေအတွက် လျို့ဝှက်ကျစ်လစ်စွာ စုစည်းကြပြီး အသင့်ပြင်ထားရသလို အစိုးရအမှုထမ်းတွေကလည်း အစိုးရ ယန္တယားထဲက ဘယ်နည်းနဲ့ဘယ်အစိတ်အပိုင်းကို ဖျက်ဆီးပစ်မယ်ဆိုတာ အသင့်ပြင်ထားရမှာ ဖြစ်ပါတယ်။ လက်နက် ကိုင်တပ်တွေလည်း ဒီလိုပါပဲ။ နအဖ ရဲ့အမိန့်ကိုဘယ်တော့ ဘယ်အချိန်မှာ ဖီဆန်ပြီး လူထုဘက်ရပ်တည်နိုင်မယ်ဆို တာ အသင့်ပြင်ရမယ်။ တနေရာရာက သဏ္ဍာန်တခုခုနဲ့ စတင်ပေါက်ကွဲတာနဲ့ နေရာအနှံ့က နည်းသဏ္ဍာန်ပေါင်းစုံနဲ့ နအဖ ကို ဦးတည်ဆန့်ကျင်တာဖြစ်ရင် ပါတီစုံဒီမိုကရေစီတံခါးဟာ ပွင့်သွားမှာမလွဲပါ။

၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်းရေးဦးတည်ချက်ထားပြီး လှုပ်ရှားရင်မတူတဲ့နယ်ပယ်၊ မတူတဲ့အင်အားစု၊ မတူတဲ့တိုက်ပွဲသဏ္ဍာန်နဲ့ လှုပ်ရှားရပေမဲ့ ခြေလှမ်းညီညီ ဟန်ချက်ညီညီလှုပ်ရှားတာဖြစ်သွားမှာသေချာပါတယ်။ ၂၀၀၈ အခြေခံဥပဒေဟာ တကယ်တော့ စစ်ဗိုလ်တမတ်သားပါတဲ့ ပါလီမန်မဟုတ်ပါ။ ဘောင်းဘီဝတ်ထားတဲ့ စစ်ဗိုလ်တမတ် သားပါပြီး ဘောင်းဘီချွတ်တဲ့ စစ်ဗိုလ်တွေနဲ့ စစ်အုပ်စုအလိုတော်ရိတွေ ၇၅ % ပါမယ့် ပါလီမန်ဖြစ်မှာဖြစ်တယ်။ ဒါကြောင့် စစ်အုပ်စုရဲ့လူတွေ ရာခိုင်နှုန်းပြည့်ပါတဲ့ ပါလီမန်ဖြစ်မှာပါ။ တကယ့်လူထုကိုယ်စားလှယ် တဦးတလေတောင် မပါနိုင်အောင် လုပ်ထားတာပါ။ ဒါကြောင့် ဒီအခြေခံဥပဒေဖျက်ပစ်ဖို့ တိုက်ပွဲကအစချီပြီး စစ်အုပ်စုတခုလုံးဖျက်သိမ်း ပစ်တဲ့ တိုက်ပွဲကိုလုပ်ရမှာပါ။ အရင်းရှင်စနစ်ရဲ့ စီးပွားရေးပျက်ကပ်ဟာ ဒီတိုက်ပွဲအတွက် အခွင့်ကောင်းအခါကောင်း ဖြစ်နိုင်ပါတယ်။ အားလုံး အသင့်ပြင် သင့်ပြီ။

မောင်မိုးဦး

၂၅၊ ၁၂၊ ၂၀၀၈၊